# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၃၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂-၇-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **အိမ်ရာမရှိသေးသော ပြည်သူများအတွက် တန်ဖိုးသင့်၊ တန်ဖိုးနည်း၊ တန်ဖိုးသက်သာ အိမ်ရာများနှင့် အိမ်ငှားရမ်းခ သက်သာသော အိမ်ငှားတိုက်ခန်းများကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **တပ်မတော်နှင့်ရဲတပ်ဖွဲ့ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးချိန်တွင် အခြေချနေထိုင်ရန် အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်နိုင်မည့် တန်ဖိုးနည်းအိမ်ရာ သို့မဟုတ် မြေကွက်များ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကြည်သာ၊ ငွ မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ၏ အများပြည်သူ အလုပ်ပိတ်ရက်နှင့် အချိန်ပိုလုပ်ခများ၊ ခံစားခွင့်များသည် လက်ရှိ အလုပ်သမားရေးရာ ဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **လူမှုဖူလုံရေးအာမခံစနစ် (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပြည်သူလူထုအား အကျိုးသက်ရောက်မှုအခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဆည်ငယ်၊ ကန်ငယ်တည်ဆောက်ရန် သင့်တော်သော ကျေးရွာတိုင်းတွင် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးပြီး စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ဆောင်နေသည့် လုပ်ငန်းများကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **ဆင်းရဲနွမ်းပါးမှု လျှော့ရန် ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းသစ်များဖြင့် စီမံကိန်းချ ဆောင်ရွက်ရန် နှင့် အလုပ်အကိုင်ရှားပါးခြင်း အကြောင်းအရင်းကို ပြန်လည် ဖော်ထုတ်၍ ကုစားနိုင်မည့် နည်းလမ်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **သဘာဝငါးမွေးကန်များသဖွယ် ဖြစ်တည်နေသော မြစ်ကြီး၊ မြစ်ငယ်၊ ချောင်းကြီး၊ ချောင်းငယ်များ အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးယော်ဒီဒွေ့၊ ပူတာအို မဲဆန္ဒနယ်က **"မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအို လမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် လမ်းပိုင်းတစ်ခုသာမက ခံနိုင်ရည်မရှိသော တံတားများကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အဆင့်မြှင့်တင်ပေးရေးနှင့် ထိုသို့ လမ်း၊ တံတားအဆင့်မြှင့်တင် ဆောက်လုပ်ခြင်းကို ပုဂ္ဂလိက ကုမ္ပဏီများအား ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခွင့်ပေးပြီး ယင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဆောက်လုပ်မှုရှိ၊မရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအား စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်စေရေး အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက တင်သွင်းသည့် **"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီ အလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။